# မိသားစုဆက်ဆံရေး ဌာနများ

RAV သည် ဩစတြေးလျားနိုင်ငံတော်အစိုးရကတည်ထောင်ထားသော Family Relationship Centres (FRCs) မိသားစုဆက်ဆံရေးဌာန လေးခုတို့တွင် ဦးဆောင်ကိုယ်စားလှယ်ဌာနဖြစ်ပါသည်။

ဌာနများသည် မိသားစုများ အားကောင်းကြစေရေး၊ အတူတကွနေနိုင်ကြရန် ကူညီပေးရေးနှင့် ကွဲကွာကြသည့်အခါ ကူညီပေးရေးတို့ကို ရှေးရှုပါသည်။ ဌာနများသည် ကွာရှင်းကြမည့် မိဘများအား၊ မိမိတို့ ကလေးများ၏ လိုအပ်မှုများအပေါ် ပြင်းပြစွာ အာရုံစူးစိုက်ကြရန်၊ အားပေးတိုက်တွန်းပါသည်။

FRC ဌာနများသည် ကွဲကွာကြမည့် မိသားစုများအတွက် အလုပ်ဖြစ်မည့် ကလေးအုပ်ထိန်းရေးစီစဉ်မှုများကို ကူညီရေးဆွဲရန် တစ်ဦးချင်းသော်လည်းကောင်း၊ ပူးတွဲ၍သော်လည်းကောင်း၊ တွေ့ဆုံပွဲများကို စီစဉ်ပေးပါသည်။ ၎င်းတို့က မိသားစုများကို ကူညီရန်၊ ကျယ်ပြောမျိုးစုံသည့် လက်တွေ့ကျကျအကြောင်းအရာများနှင့် ပတ်သက်သော အုပ်စုအဖွဲ့လိုက် သတင်းပေးအစီအစဉ်များနှင့် ဆွေးနွေးဖလှယ်ပွဲများကိုလည်း ကြီးမှူးကျင်းပပေးပါသည်။

ဌာနများသည် သုံးနာရီကြာမြင့်သော ပူးတွဲ မိသားစု အငြင်းပွားမှုကို ဖြေရှင်းပေးခြင်း Family Dispute Resolution (FDR) အစီအစဉ်ကို အခမဲ့ တင်ဆက်ပေးပါသည်။

# ကျွန်ုပ်တို့၏ လူများ

RAV သည် အလွန်ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ကြသော အတတ်ပညာရှင်များတို့ကို ရည်စူးချက်ထက်သန်သော အဖွဲ့တစ်ဖွဲ့အဖြစ် အလုပ်ခန့်ထားပါသည်။ ဤအဖွဲ့သည် ဆွေးနွေးလမ်းညွှန်ပေးခြင်း၊ မိသားစု အငြင်းပွားမှုကို ဖြေရှင်းပေးခြင်း၊ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေပြီး လေ့ကျင့်ပေးခြင်းတို့ကို ကျွမ်းကျင်ကြသည်။

ကျွန်ုပ်တို့၏ ရှေ့တန်း ဝန်ထမ်းများကို အမျိုးစုံလင်သောအဝန်းများတွင် အဖွဲ့အစည်းရေးရာ ဝန်ဆောင်လုပ်ငန်းများတို့ဖြင့် ထောက်ပံ့ထားပါသည်။ ယင်း ဝန်ဆောင်လုပ်ငန်းများတွင် လူအင်အား၊ ဆက်သွယ်ရေး၊ သတင်းနည်းပညာနှင့် ငွေရေးကြေးရေးစီမံခန့်ခွဲခြင်းတို့ ပါဝင်ကြသည်။

ကျွန်ုပ်တို့လုပ်ကိုင်သမျှအရာအားလုံး၌ ကျွန်ုပ်တို့ ဖောက်သည်များ၏ လိုအပ်ချက်များအား ရှေ့တန်းတင်ရေးကို သေချာစေရန်၊ အတူတကွ ကျွန်ုပ်တို့က စူးစိုက်ကြပါသည်။

# နောက်ထပ်သတင်းအချက်အလက်များ

ကျွန်ုပ်တို့၏ ဌာနများအားလုံး တည်ရှိရာအရပ်များအပါအဝင်၊ အထွေထွေစုံစမ်းရေးအတွက် အရပ်အနီးအနား တယ်လီဖုန်းခေါ်ခသာပေးရသည့် ၁၃၀၀ ၃၆၄ ၂၇၇ သို့ ဆက်ပါ၊ သို့မဟုတ် ကျွန်ုပ်တို့၏ ကွန်ယက် **www.relationshipsvictoria.com.au** ၌ကြည့်ပါ။

ဩစတြေးလျားနိုင်ငံတော်အစိုးရက ငွေကြေးထောက်ပံ့သည်။

## ဩစတြေးလျားနိုင်ငံ ဆက်ဆံရေးများ

ဗစ်က်တိုးရီးယား

## ဩစတြေးလျားနိုင်ငံ ဆက်ဆံရေးများ

ဗစ်က်တိုးရီးယား



# ထွေပြားခြားနားမှုကို ဂုဏ်ပြုချီးကျူးခြင်း

BURMESE

# ကျွန်ုပ်တို့ကား မည်သူတို့နည်း

Relationships Australia (Victoria) - RAV သည် ဆက်ဆံရေးထောက်ပံ့ကူညီမှု ဝန်ဆောင်လုပ်ငန်းများကို တင်ဆက်ပေးသည့် အဖွဲ့အစည်းများအနက် ဦးဆောင်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ဗစ်တိုးရီးယားပြည်သူပြည်သားများသည် အပြုသဘောဆောင်ပြီး လေးစားမှုရှိသည့် ဆက်ဆံရေးများကို ရယူနိုင်ကြရေးအတွက် ကူညီရန်ဖြစ်သည်။

လူမှုရေးအစုကို အခြေခံထားပြီး၊ အမြတ်အစွန်းအတွက် မလုပ်သောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ကျွန်ုပ်တို့၌ မည်သည့် ဘာသာရေးနှီးနွယ်မှုမျှမရှိပါ။ ကျွန်ုပ်တို့က ရည်မှန်းသည်မှာ လူမှုရေးအစုဝင်ရှိ လူတိုင်းအားလုံးကို ၎င်းတို့၏ ဘာသာရေး၊ အသက်အရွယ်၊ လိင်၊ လိင်တိမ်းညွှတ်မှု၊ နေပုံထိုင်ပုံ ရွေးချယ်မှု၊ ယဉ်ကျေးမှုနောက်ခံ၊ သို့မဟုတ် စီးပွားရေးအခြေအနေ၊ မည်သည်ကိုမျှ ပဓာနမထားဘဲ ကူညီရန်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဝန်ဆောင်လုပ်ငန်းများကို မဲလ်ဘန်မြို့တော်ကြီးနှင့် ဗစ်တိုးရီးယားဒေသန္တရတစ်ခွင်ရှိကြသော ဌာန ၁၂ ခုတို့မှ စီစဉ်ပေးပါသည်။

များစွာသော ဝန်ဆောင်လုပ်ငန်းများကို၊ ဖောက်သည်တို့၏ ငွေပေးနိုင်စွမ်းအပေါ် မူတည်ပြီး၊ အခမဲ့၊ သို့မဟုတ် တော်သင့်ရုံသာ ပေးဆောင်ရသည့် အခကြေးဖြင့် ဆောင်ရွက်ပေးပါသည်။

# ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ လူတစ်ဦးချင်း၊ စုံတွဲများ၊ မိသားစုများနှင့် လူမှုရေးအစုများတို့၏ ဘဝများကို ပိုမိုကောင်းမွန်တိုးတက်စေရန်၊ အထူးဆက်ဆံရေး ဝန်ဆောင်လုပ်ငန်းများကို စီစဉ်ပေးမှုဖြင့် ခိုင်မာကြသော ဆက်ဆံရေးများကို တည်ဆောက်ကြရာ၌ ထိုသူတို့အား ကူညီခြင်းဖြစ်ပါသည်။

# ကျွန်ုပ်တို့၏ စံတန်ဖိုးများ

RAV က ခံယူထားသည့် အဓိကသော စံတန်ဖိုးများမှာ

- လေးစားမှု
- သမာဓိ
- ပွင့်လင်းမှု
- တာဝန်
- အရည်အသွေးမြင့်မားမှု
- ကြွယ်ဝစေမှု၊ ဂုဏ်ပြုချီးကျူးခြင်း

# ကျွန်ုပ်တို့၏ ဝန်ဆောင်လုပ်ငန်းများ

RAV သည် ထွေပြားပြီး အမျိုးစုံလင်သည့် ဆက်ဆံရေးဆိုင်ရာ ထောက်ပံ့ရေး ဝန်ဆောင်လုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။

**ဆွေးနွေးလမ်းညွှန်ပေးခြင်း**

ကျွန်ုပ်တို့၏ အထူးဆွေးနွေးလမ်းညွှန်ပေးခြင်း၌ ဆက်ဆံရေးများ၏ ကဏ္ဍအားလုံးကို လွှမ်းခြုံထားသည်၊ ဥပမာ လက်ရှိ ဆက်ဆံရေးတစ်ခုကို မည်သို့ပြုစုပျိုးထောင်ရန်နှင့် တိုးတက်ကောင်းမွန်စေရန်တို့ကို တွေးတောခြင်း၊ သို့မဟုတ် မည်သည့်အရာက ကောင်းမွန်စွာ အလုပ်မဖြစ်နေမှုကို ဆင်ခြင်သုံးသပ်ခြင်းတို့ဖြစ်ကြသည်။ ၎င်း၌ ပါဝင်ကြသည်များမှာ၊

- မိသားစုအား ဆွေးနွေးလမ်းညွှန်ပေးခြင်း
- အမျိုးသားများနှင့် အမျိုးသမီးများအား ဆွေးနွေးလမ်းညွှန်ပေးခြင်း
- အိမ်ထောင်မပြုမီ အစီအစဉ်
- ဆက်ဆံရေးဆိုင်ရာ ဆွေးနွေးလမ်းညွှန်ပေးခြင်း
- မိုးခေါင်ခြင်းဆိုင်ရာ ဆွေးနွေးလမ်းညွှန်ပေးခြင်း
- တယ်လီဖုန်းဖြင့် ဆွေးနွေးလမ်းညွှန်ပေးခြင်း

**မိသားစု အငြင်းပွားမှုကို ဖြေရှင်းပေးခြင်း**

မိသားစု အငြင်းပွားမှုကို ဖြေရှင်းပေးခြင်း Family Dispute Resolution (FDR) ဝန်ဆောင်လုပ်ငန်းများသည် ကွဲကွာကြမည့် မိဘများအား၊ မိမိတို့ ကလေးများအဖို့ အကောင်းဆုံးသော အကျိုးတရားအတွက် နှစ်ဦးသဘောတူညီချက်များကိုရရှိကြရန် ကူညီပေးပြီး၊ ထိုမိဘများက လက်တွဲပူးပေါင်း၍ ကလေးများကို အုပ်ထိန်းကြရန် တိုက်တွန်းအားပေးသည်။

မိဘအုပ်ထိန်းမှု အစီအစဉ်များ၊ သို့မဟုတ် သဘောတူညီချက်များကို ဤလုပ်ငန်းစဉ်တွင် အသုံးပြုသည်။

**မိသားစု အကြမ်းဖက်မှု တားဆီးခြင်း**

ကျွန်ုပ်တို့သည် မိသားစု အကြမ်းဖက်မှု ဝန်ဆောင်လုပ်ငန်းများကို သိမ်မွေ့ပြီး၊ ထောက်ကူမှုရှိ၍ ပညာရှင်များပီသစွာ ဆောင်ရွက်ပေးပါသည်။ ၎င်း၌ ပါဝင်သည်မှာ၊ အကြမ်းဖက်မှုနှင့် မတရား အညှဉ်းပမ်းခံရမှုများကို ကြုံတွေ့ခဲ့ကြရသူများအား ကူညီထောက်ပံ့ရန်အတွက်၊ ဆွေးနွေးလမ်းညွှန်ပေးခြင်းနှင့် အငြင်းပွားမှုကို ဖြေရှင်းပေးခြင်း ဝန်ဆောင်လုပ်ငန်းများ၊ အုပ်စုအဖွဲ့လိုက် အစီအစဉ်များနှင့် ရွေးချယ်နိုင်ခွင့်ရှိသည့် ရည်ညွှန်းပေးခြင်းများတို့ဖြစ်ကြသည်။

ကျွန်ုပ်တို့သည် မိသားစုအတွင်း အကြမ်းဖက်ကြသူများအား ၎င်းသူတို့၏ အပြုအမူများအတွက် တာဝန်ယူကြရေးကို ကူညီပေးပြီး၊ အလေးထားသော နည်းလမ်းများဖြင့် ဆက်ဆံကြရေးကို အားပေးရန်၊ အုပ်စုအဖွဲ့လိုက် အစီအစဉ်များနှင့် သင်တန်းများကိုလည်း ပို့ချပေးပါသည်။

**ဆက်ဆံရေးဆိုင်ရာ အတတ်ပညာများ**

RAV သည် မျိုးစုံသော ဆက်ဆံရေးဆိုင်ရာ ပညာပေးသင်တန်းများကိုလည်း၊ သေးငယ်သော အုပ်စုအဖွဲ့လိုက် ပို့ချပေးပါသည်။

သင်တန်းများသည် သင်တန်းသားများအား မိမိတို့ကဲ့သို့ပင် အလားတူ ကိစ္စရပ်များနှင့် အခက်အခဲများကို ရင်ဆိုင်နေကောင်းနိုင်ကြသူများနှင့် ချိတ်ဆက်ပေးသည်။

ဤသင်တန်းများက လူများကို အကျိုးပြုကူညီနိုင်သည်မှာ၊ ထိုသူတို့သည် မိမိတို့၏ အခြေအနေများကို တိုးတက်ကောင်းမွန်လာစေရေးအလို့ငှာ အတတ်ပညာသစ်များကို သင်ယူကြသည်နှင့်အမျှ မိမိတို့၏ စိုးရိမ်ပူပင်မှုများနှင့် ပြဿနာများတို့ဖြင့်ပတ်သက်ပြီး အထီးကျန်သော ခံစားချက်များကို လျှော့နည်းစေပါသည်။

**လောင်းကစားကြသူများအတွက် အကူအညီ**

RAV သည် လူမှုအဖွဲ့အစည်းများအား၊ Gambler's Help (လောင်းကစားကြသူများအတွက် အကူအညီ) အစီအစဉ်ကို ဂရန်ပီယန်(Grampians) ဒေသရှိ ကျွန်ုပ်တို့၏ ဘာလာရတ်(Ballarat)ဌာနမှ စီစဉ်ပေးပါသည်။

ယင်းအစီအစဉ်၏ မရှိမဖြစ်၊ မပါမပြီးသည့် အပိုင်းတစ်ရပ်မှာ၊ ထိန်းချုပ်မရအောင် လောင်းကစားနေကြသူများတို့အတွက် အခမဲ့ ဆွေးနွေးလမ်းညွှန်ပေးသော ဝန်ဆောင်လုပ်ငန်းပင်ဖြစ်ပါသည်။

**ကွဲကွာပြီးနောက်ပိုင်း မိဘအုပ်ထိန်းမှု**

ကျွန်ုပ်တို့က ကွဲကွာကြမည့် စုံတွဲများအား၊ မိသားစု အငြင်းပွားမှုကို ဖြေရှင်းပေးခြင်း Family Dispute Resolution (FDR) အပြင်၊ သာမန် ဆွေးနွေးလမ်းညွှန်ပေးခြင်း တွေ့ဆုံပွဲများအရလည်း ကူညီပါသည်။

ဆွေးနွေးလမ်းညွှန်ပေးကြသူများသည် လူများအား FDR ၏ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ကဏ္ဍများမှတစ်ခြား၊ ၎င်းတို့၏ ကလေးများအတွက် အကောင်းဆုံးသော အစီအစဉ်များကို ကူညီ၍ စီမံရေးဆွဲပေးနိုင်ပြီး၊ စိတ်ခံစားမှုပိုင်းဆိုင်ရာ မည်သည့်ပဋိပက္ခများကိုမဆို ကိုင်တွယ်ရင်ဆိုင်နိုင်ကြရန် ထောက်ကူပေးနိုင်သည်။

ကျွန်ုပ်တို့သည် အုပ်စုအဖွဲ့လိုက် လုပ်ကိုင်မှုနှင့် ကွဲကွာပြီးနောက်ပိုင်း မိဘအုပ်ထိန်းမှု သင်တန်းများကိုလည်း ပို့ချပေးသည်။ ဤသင်တန်းများသို့ မိခင်များနှင့် ဖခင်များ တစ်ဦးချင်း တက်ရောက်ကြ၍၊ မိမိတို့နှင့် အလားတူအခြေအနေများရှိကြသော အခြားသူများတို့ဖြင့် မိမိတို့၏ အတွေ့အကြုံများကိုဖလှယ်ကြပြီး၊ အတတ်ပညာများကို သင်ယူကြသည်။

**အမျိုးသားများနှင့် မိသားစု ဆက်ဆံရေးများ**

ကျွန်ုပ်တို့၏ အမျိုးသားများအတွက် ဝန်ဆောင်လုပ်ငန်းများ၌ ပါဝင်သည်များမှာ၊ ဆွေးနွေးလမ်းညွှန်ပေးခြင်း၊ အုပ်စုအဖွဲ့များ၊ မိသားစု အငြင်းပွားမှုကို ဖြေရှင်းပေးခြင်း၊ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် မိဘအုပ်ထိန်းမှု ကိစ္စရပ်များတို့၌ ကူညီခြင်း၊ ဆက်ဆံရေးဆိုင်ရာ အခက်အခဲများနှင့် တစ်ကိုယ်ရေ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာပေးသင်တန်းများတို့ဖြစ်ကြသည်။